ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ်(၄၀ /၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ပထမဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၁၈ ခုနှစ်၊ဇွန်လ ၃၀ ရက်)

**သဘာဝသယံဇာတဆိုင်ရာလုပ်ငန်းများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံသည် တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Extractive Industries Transparency Initiative – EITI) လုပ်ငန်းစဉ်အား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် EITI အဖွဲ့ဝင်လောင်းနိုင်ငံ (EITI Candidate Country) အဆင့်သို့ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဖွဲ့ဝင်လောင်းနိုင်ငံအဆင့်မှ EITI စံနှုန်းများအား အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်သည့် စံချိန်မီတင်းပြည့်အဖွဲ့ဝင်နိုင်ငံ ( EITI Compliant Country ) အဆင့်သို့ရောက်ရှိရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ် EITI စံနှုန်းလိုအပ်ချက်နှင့်အညီ သဘာဝသယံဇာတဆိုင်ရာလုပ်ငန်းများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သဘာဝသယံဇာတဆိုင်ရာလုပ်ငန်းများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလမ်းပြမြေပုံ (Beneficial Ownership -BO Roadmap) အား ၃၁-၁၂-၂၀၁၆ ရက်နေ့တွင် နိုင်ငံတကာ EITI အတွင်းရေးမှူးချုပ်ရုံးသို့ တင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလမ်းပြမြေပုံအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သဘာဝသယံဇာတဆိုင်ရာလုပ်ငန်းများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ (Beneficial Ownership Task Force) အားအောက်ပါအတိုင်းဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးစိုးဝင်း<br>မြန်မာနိုင်ငံ EITI ညှိနှိုင်းဖော်ဆောင်ရေးမှူး | အဖွဲ့ခေါင်းဆောင် |
| (ခ) | ညွှန်ကြားရေးမှူး<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |

(ဂ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း

(ဃ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(င) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန

(စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဇ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဈ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

(ည) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

(ဋ) လုပ်ငန်းရှင်ကိုယ်စားလှယ် (၂) ဦး အဖွဲ့ဝင်

(ဌ) အရပ်ဘက်အဖွဲ့အစည်းမှကိုယ်စားလှယ် (၂) ဦး အဖွဲ့ဝင်

၃။ သဘာဝသယံဇာတဆိုင်ရာလုပ်ငန်းများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်း အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) BO Roadmap အား အကောင်အထည်ဖော်ရန်လုပ်ငန်းစီမံချက် (Workplan) ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အဆိုပါ လုပ်ငန်းစီမံချက်အား တာဝန်ယူဦးဆောင်ဦးရွက်ပြုမည့် ဌာန/ အဖွဲ့အစည်း (Focal Agency) ဖွဲ့စည်းသတ်မှတ်ခြင်း၊

(ဂ) လိုအပ်သော စာရင်းဇယားများနှင့် သတင်းအချက်အလက်များကောက်ယူရန်၊ ထိန်းသိမ်းရန်နှင့် ထုတ်ဖော်ပြသခြင်းများပြုလုပ်ရန် ဌာန/အဖွဲ့အစည်းများဖွဲ့စည်းသတ်မှတ်ခြင်း၊

(ဃ) BO အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက အကြံပေးပညာရှင်များငှားရမ်းဆောင်ရွက်ခြင်း၊

(င) BO ဆိုင်ရာသတင်းအချက်အလက်များ ကောက်ယူထုတ်ပြန်နိုင်ရေးအတွက် သတင်းအချက်အလက်ကောက်ယူခြင်းဆိုင်ရာ မူဘောင်၊ နည်းစနစ်နှင့် လမ်းညွှန်ချက်များ ရေးဆွဲသတ်မှတ်ခြင်း၊

(စ) သဘာဝသယံဇာတဆိုင်ရာလုပ်ငန်းများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်များအား လေ့လာသုံးသပ်ရာတွင် ကြီးကြပ်လမ်းညွှန်အထောက်အပံ့ပေးခြင်း၊

(ဆ) သဘာဝသယံဇာတဆိုင်ရာလုပ်ငန်းများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု (Beneficial Ownership) နှင့် နိုင်ငံရေးအရထင်ရှားသူ (Politically Exposed Person) တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှုရှိစေရန် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအားလေ့လာသုံးသပ်ခြင်းနှင့် လိုအပ်သလို ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် အထောက်အကူပြုဆောင်ရွက်ခြင်း၊

(ဇ) BO ဆောင်ရွက်ရာတွင် အတားအဆီးဖြစ်နိုင်ခြေရှိ/ မရှိ လေ့လာအကဲဖြတ်နိုင်ရန်အတွက် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် စာချုပ်ပါအသုံးအနှုန်းများကို လေ့လာသုံးသပ်ရာတွင် ကြီးကြပ်လမ်းညွှန်အထောက်အပံ့ပေးခြင်း၊

(ဈ) သတင်းအချက်အလက်များကောက်ယူရာတွင် ကဏ္ဍအလိုက်သတင်းအချက်အလက်ကောက်ယူသောနည်းလမ်း (Sector Specific Approach) ဖြင့် ကနဦးဆောင်ရွက်ခြင်း၊

(ည) BO ရေ့ပြေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုခြင်း၊

(ဋ) ၂၀၁၆ ခုနှစ် EITI စံနှုန်းလိုအပ်ချက်နှင့်အညီ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ စတင်၍ မြန်မာနိုင်ငံ၏ EITI အစီရင်ခံစာတွင် BO ဆိုင်ရာ သတင်းအချက်အလက်များအား အချိန်မီ ထည့်သွင်းဖော်ပြနိုင်ရေးဆောင်ရွက်ခြင်း၊

(ဌ) BO Task Force အစည်းအဝေးများအား လိုအပ်သလိုခေါ်ယူကျင်းပ၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) BO Task Force အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ အနီးကပ်ဆုံးကျင်းပသည့် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးသို့ အစီရင်ခံတင်ပြခြင်း၊

(ဎ) BO ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ EITI လုပ်ငန်းကော်မတီသို့ အကြံပြုချက်များတင်ပြ၍ အတည်ပြုဆုံးဖြတ်ချက်ရယူခြင်း၊

(ဏ) ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့အမီ BO ဆိုင်ရာ သတင်းအချက်အလက်များထုတ်ပြန်ခြင်းဆောင်ရွက်နိုင်ရေးအတွက် ကြားကာလအစီအစဉ်များအား နိုင်ငံတကာ EITI အတွင်းရေးမှူးချုပ်ရုံးသို့ အဆိုပြုတင်သွင်းခြင်း၊

(တ) BO နှင့်စပ်လျဉ်းသည့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးတာဝန်ခံရုံး၏ လုပ်ငန်းများအား လမ်းညွှန်မှုပေးခြင်း၊

(ထ) BO နှင့်စပ်လျဉ်းသည့် ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ စသည်တို့တက်ရောက်ခြင်း၊

၄။ BO Task Force ၌ ပါဝင်သောကိုယ်စားလှယ်များ၏ အဖွဲ့ဝင်သက်တမ်းသည် အစိုးရ၏ သက်တမ်းကုန်ဆုံးချိန်အထိဖြစ်သည်။

(စိုးဝင်း)

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ ဘဏ္ဍာ-၅/၂/၃ (၁၆၈၁/၂၀၁၈)

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၃၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး(သက်ဆိုင်ရာလက်အောက်ခံဌာန၊အဖွဲ့အစည်းများအားဖြန့်ဝေပေးပါရန်)

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ( မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်)

မြန်မာနိုင်ငံ EITI ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး(လုပ်ငန်းရှင်ကိုယ်စားလှယ်များနှင့်အရပ်ဘက်အဖွဲ့အစည်းမှကိုယ်စားလှယ်များအားဖြန့်ဝေပေးပါရန်)